**Network for Democracy and Development**

**Documentation and Research Department**

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 (0) 89 267 8417.
E-mail: ndddrd@csloxinfo.com; ndddrd07@gmail.com

# တစ်ပတ်အတွင်း မြန်မာ့နိုင်ငံရေးသတင်း အကျဉ်းချုပ် (၀၉၃/၂၀၁၁)

၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ (၃၀) ရက်နေ့မှ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ (၀၅) ရက်နေ့အထိ

## ကြံ့ဖွံ့အစိုးရ

- မြန်မာ-ဂျပန် လွှတ်တော်ကိုယ်စားလှယ်များသည် ချစ်ကြည်ရေးအဖွဲ့ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အောက်တိုဘာလ၂၅ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၄၁ ရက် မြောက်နေ့၌ ပြောကြားခဲ့သည်။ (EMG 021111) Read More…
- မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးကမ်းလှမ်းမှုကို ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) မှ လက်ခံလာရန်အတွက် တိုက်တွန်းပေးစေလိုသည့်ကိစ္စနှင့်ပတ်သက်၍ ရှမ်းပြည်မြောက်ပိုင်း ကချင်စာပေနှင့် ယဉ်ကျေးမှုအသင်း JLH (Jinghpaw Laili Laika hsae Htunghking Hpung) က ငြင်းဆန်ခဲ့ကြောင်း ကချင်စာပေနှင့် ယဉ်ကျေးမှုအသင်းကော်မတီဝင်တစ်ဦးက ပြောသည်။ (KNG 021111) Read More…
- နိုင်ငံရေးအကျဉ်းသား အနည်းဆုံး ၆၀၀ ခန့်ကို သမ္မတ ဦးသိန်းစိန်က မကြာမီ လွတ်ငြိမ်းချမ်းသာခွင့်အမိန့် ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း၊ ကိုကိုကြီး၊ မင်းကိုနိုင်၊ ဦးခွန်ထွန်းဦး စသည့်ပုဂ္ဂိုလ်များပါဝင်မည်ဖြစ်ကြောင်း အမည်မဖော်လိုသည့် အစိုးရထိပ်တန်းအရာရှိတစ်ဦးက ပြောဆိုလိုက်သည်။ (RFA 031111) Read More…
- ပြည်ထောင်စု ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းက တာဝန်သိမှုနှင့်အတူ စာပေလွတ်လပ်ခွင့်များရှိလာခြင်းနှင့်အမျှ နောက်ဆုံးတွင် စာပေစိစစ်ရေးအဖွဲ့ဆိုသည်မှာ စာပေရေးသားမှုများကို စောင့်ကြည့်သည့်အဖွဲ့အဖြစ်နှင့်သာရှိကောင်းရှိတော့မည်ဖြစ်ကြောင်း နိုဝင်ဘာ ၄ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (VOA 041111) Read More…

## တပ်မတော်

### (က) စစ်ဆင်ရေး

- KIA နှင့် အစိုးရတပ်တို့အကြား တိုက်ပွဲဖြစ်ပွားနေသည့်ဒေသသို့ မကွေးမြို့ အခြေစိုက် တပ်မ ၈၈ လက်အောက်ခံများ ယခုရက်ပိုင်းအတွင်းရောက်ရှိလာကြောင်း စစ်ဘက်နှင့်နီးစပ်သူတစ်ဦးက ပြောသည်။ (S.H.A.N 021111) Read More…
- ရှမ်းပြည်မြောက်ပိုင်း မုံပေါ် ပြည်သူ့စစ်တပ်ဖွဲ့နှင့် ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (KIA) အကြား အချင်းချင်းမှားယွင်းပစ်ခတ်လာစေရန်အတွက် လွန်ခဲ့သည့်အောက်တိုဘာလ ၃၁ ရက်နေ့က မြန်မာအစိုးရတပ်မှ KIA ဝတ်စုံဝတ်ဆင်ပြီး ပြည်သူ့စစ်တပ်စခန်းအနီး ဟန်ပြချဉ်းကပ်လာခဲ့ကြောင်း မုံပေါ်ပြည်သူ့စစ်တပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။ (KNG 031111) Read More…

## (ခ) လူ့အခွင့်အရေးချိုးဖေါက်မှုများ

- ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်နှင့်ဂါးရားယန်အကြားတွင် အောက်တိုဘာ (၂၉) ရက်နေ့က ကြံ့ဖွံ့အစိုးရတပ်များနှင့် ကချင်လွတ်မြောက်ရေးတပ်မတော် KIA အကြား ဖြစ်ပွားခဲ့သည့်တိုက်ပွဲများအတွင်း အစိုးရတပ်မှထူးဆန်းသည့်လက်နက်များ အသုံးပြုနေသည်ဟု ခန့်မှန်းရကြောင်းနှင့် ဓါတုပစ္စည်းများ ပါဝင်နိုင်သည်ဟု သံသယရှိကြောင်း KIO ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်က ပြောသည်။ (NMG 311011) Read More..., BBC...
- ကရင်ပြည်နယ်၊ သံတောင်မြို့နယ် သောက်ရေခပ်ချောင်း အရှေ့ဘက်ခြမ်းရှိ ခေါသခေါ်ရွာကို မြန်မာအစိုးရတပ်က လက်နက်ကြီးငယ်ဖြင့် ပစ်ခတ်ခဲ့၍ ရွာသူရွာသားများက အိမ်ကိုစွန့်ပြီး လွတ်မြောက်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်ဟု ဌာနေမဲ့ပြည်တွင်းကရင်ဒုက္ခသည်များဆိုင်ရာ ကော်မတီ (CIDKP) က ပြောသည်။ (KIC 011111) Read More...
- ရှမ်းပြည်မြောက်ပိုင်း မူဆယ်မြို့နယ် နမ့်ဖဲပါရွာမှ အသက် ၁၇ နှစ်အရွယ် အမျိုးသမီးငယ် ၃ ဦးအား မြန်မာအစိုးရ ခလရ (၂၉၁) တပ်ရင်းမှူး လက်အောက်ခံတပ်များက လွှန်ခဲ့သည့်အပတ်က မုဒိမ်းကျင့်သတ်ဖြတ်ခဲ့သည်ဟု ဒေသခံ တစ်ဦးက ပြောသည်။ (KIC 041111) Read More..., KNG...
- ကချင်ပြည်နယ် ဗန်းမော်ခရိုင်၊ တရုတ်နယ်စပ်အနီး ခိုင်ဘန်ရွာမှ ကချင်အမျိုးသမီးဆွမ်လွတ်ရွယ်ဂျား (Sumlut Roi Ja) အား အောက်တိုဘာ ၂၈ ရက်က ကြံ့ဖွံ့အစိုးရတပ် ခမရ (၃၂၁)မှ စစ်သားများက သေနတ်နှင့်ခြိမ်းခြောက်ခေါ်ဆောင်သွားကာ လိင်ကျွန်အဖြစ်စေခိုင်းနေကြောင်း ဆွေမျိုးများကပြောသည်။ (KNG 041111) Read More...

## (ဂ) နယ်ခြားစောင့်တပ်နှင့်ပြည်သူ့စစ်အဖွဲ့များ

- ကချင်အမျိုးသားအချင်းချင်းသတ်ဖြတ်ပြီး သမိုင်းတွင်အကျည်းတန်သည့်ကိစ္စများကျန်ရစ်မည်ကိုမလိုလားကြောင်း နယ်ခြားစောင့်တပ်ဖွဲ့၊ ပြည်သူ့စစ်အဖြစ် လက်ခံခဲ့သည့် ကချင်အဖွဲ့ခေါင်းဆောင် ၉ ဦးက ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ဗဟိုကော်မတီသို့ အောက်တိုဘာလ ၂၈ ရက် ရက်စွဲဖြင့် စာတစ်စောင်ပေးပို့လိုက်သည်။ (RFA 021111) Read More...

## လွှတ်တော်

- ဥပဒေမူကြမ်းများကိုစိစစ်ပေးရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို တင်ပြရေးအတွက် ပြည်ထောင်စုလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က ဆုံးဖြတ်အတည်ပြုခဲ့ခြင်းသည် အခြေခံဥပဒေလုပ်ထုံးလုပ်နည်းများနှင့်မကိုက်ညီသည့်အတွက် လွှတ်တော်အမတ်များက အောက်တိုဘာ ၃၁ ရက်နေ့တွင် လက်မှတ်ထိုး ကန့်ကွက်လိုက်သည်။ (RFA 011111) Read More...
- လွန်ခဲ့သည့် အောက်တိုဘာလ ၃၁ ရက်နေ့က ပထမအကြိမ် သျှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးသည် ၃ ရက်သာအချိန်ရသဖြင့် တင်ပြလိုသည့်အချက်အလက်များ မတင်ပြလိုက်ရသည့်လွှတ်တော်အမတ်များ အားမလိုအားမရဖြစ်နေသည်ဟု သျှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ SNDP အမတ်တစ်ဦးက ပြောသည်။ (S.H.A.N 031111) Read More...
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အပြတ်အသတ်အနိုင်ရခဲ့သည့် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုကြောင်းနှင့် ဖျောက်ဖျက်လို့ရသည့်ကိစ္စလည်းမဟုတ်ကြောင်း ပြည်ထောင်စု လွှတ်တော် နာယက ဦးခင်အောင်မြင့်က အောက်တိုဘာလ ၃၁ ရက်နေ့က ရန်ကုန်တိုင်းမ်သတင်းဂျာနယ်နှင့်တွေ့ဆုံမေးမြန်းခန်းတွင် ပြောဆိုလိုက်သည်။ (RFA 031111) Read More...
- နှစ်ကြိမ်မြောက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးများကို ဆက်လက်ကျင်းပလျက်ရှိရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းအပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်၏ဆောင်ပုဒ်အတိုင်း 'လွှတ်တော် နိုင်ငံရေး'ကို အတူဆောင်ရွက်လျက်ရှိပြီး အပြန်အလှန်သိမြင်နားလည်မှုများလည်း ပိုမိုအားကောင်းလာကြောင်း လွှတ်တော်အမတ်အချို့က ပြောဆိုလိုက်သည်။ (Myanmar Times Vol. 28, No. 542, 04-10112011) Read More...
- ချင်းအမျိုးသားပါတီ CNP ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးချန်ပုမ်မှ ချင်းပြည်နယ်အစိုးရထံ အောက်တိုဘာလ ၁၈ ရက်နေ့က တင်သွင်းသော အချက် ၁၃ ချက်ပါ ဒေသဖွံ့ဖြိုးရေးအဆိုများအား ပြည်နယ်လွှတ်တော် ဥက္ကဌ ဦးဟောက်ခင်ခမ်းက မေးခွန်းအဖြစ်ပြောင်းခိုင်းသည်ဟု ဟားခါးမြို့နယ် CNP ပါတီဝင်တစ်ဦးက ပြောသည်။ (Khonumthung 051111) Read More...

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

- အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရက်တစ်ပါတီမှ ဘူးသီးတောင် မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်အမတ် ၂ ဦးကို ရွေးကောက်ပွဲကာလ၌ လူမျိုးရေးလှုံ့ဆော်ပြီးစည်းရုံးခဲ့သည်ဟု အကြောင်းပြကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၄င်းတို့ကို လွှတ်တော်အမတ်အဖြစ်မှ အရေးယူပယ်ဖျက်လိုက်ကြောင်း ပါတီ ဒု-ဥက္ကဋ္ဌ ဦးလှသိန်းက ပြောသည်။ (DVB 031111) Read More…

## အခြားနိုင်ငံရေးပါတီများ

- လွန်ခဲ့သည့် ဇူလိုင်လ အာဇာနည်နေ့တွင် သမ္မတဦးသိန်းစိန်နှင့်လက်ရှိအစိုးရသည် အပြောနှင့်အလုပ် မညီသည့်ကိစ္စနှင့် ပတ်သက်၍ဝေဖန်ခဲ့သည့်အပေါ် မသက်ဆိုင်သည့်အခြားအမှုတစ်ခုတွင် တရားလိုသက်သေများကထွက်ဆိုပေးမှုသည် အစိုးရနှင့် ၄င်းတို့ပါတီကို ရန်တိုက်ပေးရာရောက်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအေးလွင်က တရားလို သက်သေများအား စွပ်စွဲလိုက်သည်။ (DVB 301011) Read More…
- ဖလုံ-စဝေါ် ဒီမိုကရက်တစ်ပါတီ-PSDP ဥက္ကဋ္ဌ စောသန်းကျော်ဦးသည် ပါတီစည်းကမ်းဖောက်ဖျက်နေသည်ဟုဆိုကာ ပါတီဝင်များ က ၎င်းအားဖြုတ်ချရန်အတွက် ကရင်ပြည်နယ်၊ ဖားအံမြို့ရှိ ဖလုံ-စဝေါ်ပါတီရုံးတွင် အောက်တိုဘာ ၃၁ ရက်နေ့က အရေးပေါ် အစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ကြောင်း PSDP ပါတီနှင့် နီးစပ်သည့်သူတစ်ဦးက ပြောသည်။ (KIC 311011) Read More…
- ချင်းပြည်နယ်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် တိုင်းရင်းသားဒေသများအတွင်း ဖြစ်ပွားနေသည့်တိုက်ပွဲများ အကြောင်းကို အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်ပေါ်စနာအား ပြောဆိုခဲ့ကြောင်း ချင်းအမျိုးသားပါတီ CNP ဥက္ကဋ္ဌ ဦးဇိုဇမ်က ပြောသည်။ (Mizzima 011111) Read More…
- ဖလုံစဝေါ် ဒီမိုကရက်တစ်ပါတီ FSDP ဥက္ကဋ္ဌ ဦးစောသန်းကျော်ဦးက ၎င်းအားပါတီခေါင်းဆောင်နေရာမှထုတ်ပယ်ရန် ကျင်းပခဲ့သည့် ကျန်ပါတီခေါင်းဆောင်များ၏အစည်းအဝေးသည် နိုင်ငံရေးပါတီများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းကို ချိုးဖောက်ရာရောက် သဖြင့် ပြည်နယ်ရဲအထူးသတင်းတပ်ဖွဲ့ကို နိုဝင်ဘာ ၂ ရက်နေ့တွင် စာရေးတိုင်ကြားလိုက်သည်။ (RFA 021111) Read More…
- နိုဝင်ဘာ ၄ ရက် နေ့စွဲဖြင့် သမ္မတ ဦးသိန်းစိန်မှ လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည့် နိုင်ငံရေးပါတီမှတ်ပုံတင်ခြင်း ဥပဒေပြင်ဆင် ချက်သည် နိုင်ငံရေးပါတီများအတွက် လုပ်သာလူးသာအခြေအနေတစ်ခုရှိလာသည်မှလွဲ၍ ထူးခြားသည့်အချက်များမရှိကြောင်း အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ပါတီမှ ဦးခင်မောင်ဆွေက ပြောသည်။ (VOA 051111) Read More…

## အတိုက်အခံအင်အားစုများ (ပြည်တွင်း)

### (က) ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

- ဒေါ်အောင်ဆန်းစုကြည်နှင့်အစိုးရကိုယ်စားလှယ်ဦးအောင်ကြည်တို့၏ စတုတ္ထအကြိမ်မြောက်တွေ့ဆုံမှုတွင် တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့များနှင့်ထာဝရငြိမ်းချမ်းရေးရရှိရေးကိစ္စနှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးသင့်သူများကိစ္စကိုဆွေးနွေးခဲ့ကြကာ ပူးတွဲကြေညာ ချက်ထုတ်ပြန်လိုက်သည်။ (DVB 301011) Read More…
- မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် မလေးရှား ဝန်ကြီးချုပ်ဟောင်း မဟာသီယာ မိုဟာမက်တို့ နိုဝင်ဘာ ၃ ရက်နေ့က ရန်ကုန်မြို့ကုန်သည်ကြီးများဟိုတယ်တွင် တွေ့ဆုံခဲ့သော်လည်း မည့်သည့်အကြောင်းအရာများဆွေးနွေးသည်ကိုမှ ထုတ်ဖော်ပြောဆိုခြင်းမရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD အသိုင်းအဝန်းက ပြောသည်။ (Irrawaddy 031111) Read More…
- ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂) ဦးအပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီဝင် (၃၂) ဦးတို့က "NLD ရှင်သန်ရပ်တည်ရေးဆိုင်ရာ သဘောထားဖော်ပြချက်" ဆိုသည့်ခေါင်းစဉ်ဖြင့် မှတ်ပုံမတင်သင့်ကြောင်း သဘောထားတစ်ရပ်ကို ထုတ်ပြန်လိုက်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်ဗဟိုအလုပ်အမှုဆောင်များထံပေးပို့ခဲ့သည်ဟု ယင်းလှုပ်ရှား မှုတွင်ပါဝင်သူ ဒေါ်နော်အုန်းလှက ပြောသည်။ (RFA 031111) Read More…
- နိုဝင်ဘာ ၄ ရက်နေ့ နံနက်ပိုင်းက မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ဖြစ်ကျင်းပသောသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အစိမ်းရောင်စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာနိုင်ငံတကာညီလာခံသို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က တက်ရောက်ခဲ့သည်။ (Irrawaddy 041111) Read More…

- ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ဗဟိုကော်မတီဝင်များသည် ဒီမိုကရေစီလူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Michael Posner နှင့် မြန်မာ နိုင်ငံဆိုင်ရာအမေရိကန် အထူးသံအမတ်ကြီး Mr. Derek Mitchell တို့နှင့် နိုဝင်ဘာ ၄ ရက်နေ့စဉ် မြန်မာ့ နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုများလုံလောက်မှု မရှိသေးကြောင်း ထည့်သွင်းပြောဆိုလိုက်သည်။ (RFA 041111) Read More...
- နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကိုပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ် နိုဝင်ဘာလ ၄ ရက် နေ့စွဲနှင့် သမ္မတ ဦးသိန်းစိန်က လက်မှတ်ရေးထိုးထုတ်ပြန်လိုက်ပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီအနေဖြင့် လာမည့်နိုဝင်ဘာ ၈ ရက်နေ့တွင် မှတ်ပုံတင်သင့်မတင်သင့်ကိစ္စနှင့်ပတ်သက်၍ စတင်ဆွေးနွေးဆုံးဖြတ်သွားမည်ဟု အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ရှေ့နေ ဦးညဏ်ဝင်းက ပြောသည်။ (RFA 051111) Read More...

(ခ) ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP)

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) နှင့် မဟာမိတ်ပါတီများက နိုင်ငံရေးပါတီများအဖြစ် မှတ်ပုံတင်ရေး၊ မတင်ရေးနှင့် ကြားဖြတ်ရွေးကောက်ပွဲဝင်ရေး၊ မဝင်ရေးကိစ္စများကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့အပြင် အတိုက်အခံနိုင်ငံရေးအဖွဲ့များနှင့်စုစည်းထားသည့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (CRPP) ကလည်း နိုဝင်ဘာလ ၄ ရက်နေ့တွင် ထိုကိစ္စများကို အပြီးသတ် ဆွေးနွေးကြမည်ဟု CRPP အတွင်းရေးမှူး ဦးအေးသာအောင်က ပြောသည်။ (Irrawaddy 311011) Read More...
- လက်ရှိဖမ်းဆီးအကျဉ်းကျခံနေရသည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် (SNLD) ခေါင်းဆောင် ဦးခွန်ထွန်းဦးအပါအဝင် SNLD ပါတီဝင်များနှင့်အခြား ဆက်စပ်ပတ်သက်သူ စုစုပေါင်း ၈ ဦးတို့၏အမှုများကိုဥပဒေကြောင်းအရပြန်လည်သုံးသပ်စိစစ်မှုများ ပြုလုပ်ပေးရန် မြန်မာနိုင်ငံလူ့အခွင့်အရေးကောင်စီကို မိသားစုဝင်များက တောင်းဆိုလိုက်သည်။ (VOA 021111) Read More...

(ဂ) အခြားတက်ကြွလှုပ်ရှားသူအင်အားစုများ

- နိုင်ငံရေးအကျဉ်းသားများမကြာခင်လွတ်မြောက်လာမည်ဟု မိမိယုံကြည်ကြောင်း နာမည်ကျော်လူရွှင်တော်ကိုဇာဂနာကပြောဆိုလိုက်ကာ ယင်းပြောဆိုချက်သည် အကြောင်းမဲ့ပြောဆိုခြင်းမဟုတ်ပဲ အစိုးရအာဏာပိုင်များထံမှရရှိသည့်အချက်အလက်များ အပေါ်အခြေခံ၍ ပြောဆိုခြင်းဖြစ်ကြောင်း ကိုဇာဂနာကပြောသည်။ (RFA 011111) Read More...
- အကျဉ်းထောင် လက်စွဲပါအကျဉ်းသားခံစားခွင့်များရရှိရန် အောက်တိုဘာ ၂၆ ရက်နေ့မှစတင်၍ အင်းစိန်ထောင်အတွင်း အစာငတ်ခံဆန္ဒပြသူနိုင်ငံရေးအကျဉ်းသား ၁၅ ဦးအနက် အချို့ကိုစစ်ခွေးတိုက်သို့ပို့ဆောင်ထားကာ ၄င်းတို့ထဲမှ ၂ ဦးက သပိတ်လှန်လိုက်ပြီး ကျန်ရှိသူများကဆက်လက်သပိတ်မှောက်နေဆဲဖြစ်ကြောင်း နိုင်ငံရေးအကျဉ်းသားမိသားစုကွန်ယက်မှ ကိုအောင်ဇော်ထွန်းက ပြောသည်။ (RFA 021111) Read More...
- အင်းစိန်ထောင်တွင် နာရီပေါင်း ၂၀၀ ကျော်ခန့် ကြာအောင် အစာငတ်ခံ ဆန္ဒပြနေသည့် နိုင်ငံရေးအကျဉ်းသားများ၏အရေးကို မဖြေရှင်းပေးသည့်အတွက် နိုင်ငံတကာလူ့အခွင့်အရေးကော်မရှင်ကိုတိုင်တန်းမည်ဟု နိုင်ငံရေးအကျဉ်းသားမိသားစုများအကျိုးဆောင်ကွန်ရက်က နိုဝင်ဘာ ၃ ရက်နေ့တွင် ပြောကြားလိုက်သည်။ (DVB 031111) Read More...
- အင်းစိန်အကျဉ်းထောင်အတွင်း အစာငတ်ခံဆန္ဒပြနေကြသည့်နိုင်ငံရေးအကျဉ်းသားများကို မိသားစုဝင်များက နိုဝင်ဘာ ၃ ရက်နေ့၌ ထောင်ဝင်စာသွားတွေ့ခဲ့ရာ ဆန္ဒပြနေသူများကို ထောင်ဝင်စာတစ်လပိတ်ပင်ထားကြောင်း အကြောင်းပြန်ခဲ့သည်ဟု နိုင်ငံရေးအကျဉ်းသားမိသားစုအကျိုးဆောင်ကွန်ယက်အဖွဲ့မှ ကိုအောင်ဇော်ထွန်းက ပြောသည်။ (RFA 031111) Read More...

တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်အမျိုးသားအစည်းအရုံး KNU နှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများအဖြစ် အစိုးရက စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ၂ ကြိမ်ခန့်လာရောက်ဆက်သွယ်မှုများကြောင့် KNU ဗဟိုကော်မတီအတွင်း ဆွေးနွေးမှုများရှိနေပြီး ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်နိုင်ရန် ဆွေးနွေးနေခဲ့သည်။ (BBC 301011) Read More...
- ကရင်အမျိုးသားအစည်းအရုံး KNU နှင့် တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် DKBA တို့သည် အောက်တိုဘာလ အတွင်း အစိုးရကိုယ်စားလှယ်များနှင့် ထိုင်းနိုင်ငံ ဘန်ကောက်နှင့် မွန်ပြည်နယ်မော်လမြိုင်မြို့တို့တွင် အသီးသီးတွေ့ဆုံခဲ့ကြရာ KNU နှင့် တွေ့ဆုံမှုတွင် သဘောတူညီမှုတစုံတရာမရှိသော်လည်း DKBA နှင့် ဆွေးနွေးမှုတွင် လတ်တလောနစ်ဘက်တပ်များကို

တပ်ထိုင်နယ်မြေမှအဝေးသို့ လှုပ်ရှားမှုများမပြုရန်သဘောတူခဲ့ကြသည်ဟု ကာယကံရှင်များက ပြောသည်။ (Mizzima 311011) Read More..., KIC...

- သျှမ်းပြည်တပ်မတော်မြောက်ပိုင်း SSPP/SSA နှင့် မြန်မာစစ်တပ်တို့ အောက်တိုဘာ ၂၉ ရက်နေ့က နေပြည်တော်၌ တွေ့ဆုံဆွေးနွေးခဲ့ရာ ကျေးသီးမြို့နယ်ဝမ့်ဟိုင်းဌာနချုပ်အနီးအခြေစိုက်သည့် မြန်မာတပ်စခန်း ၄ ခု ဆုတ်ပေးရန် SSPP က တောင်းဆိုလိုက်သည့်အပေါ် ဦးသိန်းဇော်တို့ဘက်က အမြန်ဆုံးရုပ်သိမ်းပေးနိုင်ရန်ဆောင်ရွက်ပေးမည်ဟု ကတိပေးပြောကြားခဲ့ကြောင်း နီးစပ်သည့် အသိုင်းအဝိုင်းက ပြောသည်။ (S.H.A.N 311011) Read More...
- ကချင်လွတ်မြောက်ရေးတပ်မတော် KIA နှင့် အစိုးရတပ်တို့အကြား တိုက်ပွဲများဆက်ဖြစ်နေပြီး အောက်တိုဘာလအတွင်း တိုက်ပွဲပေါင်း ၁၆၀ ကျော်ဖြစ်ပွားခဲ့သည်ဟု ကချင်လွတ်လပ်ရေးအဖွဲ့ KIO ပြောခွင့်ရပုဂ္ဂိုလ် ဦးလနန်းက ပြောသည်။ (DVB 311011) Read More...
- နိုဝင်ဘာလ ၁ ရက်နေ့ နံနက် ၈ နာရီမှ ၁၁ နာရီအထိ ခဂန်ဘန် (Hka Wan Bang)နှင့် လော့ဒန် (Law Dan) ကြား မြန်မာအစိုးရတပ်နှင့် KIA တိုက်ခိုက်ကြပြီး ကြံ့ဖွံ့အစိုးရဘက်မှအနည်းဆုံး ၁၀ ဦး ကျဆုံးပြီးအများအပြားဒဏ်ရာရရှိခဲ့ကြောင်း မျက်မြင်သက်သေများကပြောသည်။ (KNG 011111) Read More...
- စိုးရဘက်မှ အပစ်ခတ် ရပ်စဲရေးအတွက်သာ ဆွေးနွေးလိုနေပြီး ကချင်လွတ်မြောက်ရေးအဖွဲ့ဘက်မှာမူ ကိုယ်ပိုင်ပြဌာန်းခွင့်ဆိုင်ရာ နိုင်ငံရေးဆွေးနွေးမှုသာပြုလုပ်ခဲ့သော်လည်း ကွဲပြားမှုဆက်လက်ရှိနေဆဲဖြစ်ကြောင်း KIO ပြောရေးဆိုခွင့်ရှိသူ ဦးလနန်ကပြောသည်။ (Mizzima 021111) Read More...
- နိုဝင်ဘာလ ၁ ရက်နေ့က ကရင်နီပြည် အမှတ် ၁ ခရိုင် မယ်စဲ့မြို့နယ် ကောက်ကောက်တွင် ကရင်နီတပ်မတော်တပ်နှင့် အစိုးရစစ်တပ် ခမရ( ၅၇၈ ) တပ်ရင်းတို့အကြား ရင်ဆိုင်တိုက်ပွဲဖြစ်ပွားခဲ့ရာ အစိုးရတပ်ဘက်မှ ၂ ဦးကျဆုံးခဲ့ကြောင်း ကရင်နီတပ်မတော်မှ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ဘီထူးက ပြောသည်။ (KT 021111) Read More...
- ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးမည့်အဖွဲ့ ဒုတိယခေါင်းဆောင် ဦးသိန်းဇော်၏ ပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးရန် စာပို့ကမ်းလှမ်းချက်သည် "နိုင်ငံတကာက သံတမန်ကိစ္စတွေ၊ ပုဂ္ဂိုလ်တွေ ရောက်နေကြတယ်။ ဒီလိုမျိုးစောင့်ကြည့်နေတဲ့အချိန်မှာ သူတို့ကလက်နက်ကိုင်အင်အားစုတွေအားလုံးနဲ့ အဆက်အသွယ်ရှိပါတယ်ဆိုတဲ့အနေနဲ့ ဟန်ရေးပြပေါ့ဗျ။ သံတမန်ရေးမှာ အမြတ်ထုတ်ဖို့လုပ်တဲ့ကိစ္စလို့ပဲ လုံးဝခိုင်ခိုင်မာမာ သုံးသပ်တယ်ခင်ဗျ။" ဟု ကချင်လွတ်မြောက်ရေးအဖွဲ့ KIO ပြောရေးဆိုခွင့်ရှိသူ ဦးလနန်က ပြောကြားလိုက်သည်။ (Mizzima 031111) Read More..., Irrawaddy..., BBC...
- သျှမ်းပြည် (မြောက်ပိုင်း) မူစယ်ခရိုင် မုံးကိုးမြို့နယ်ခွဲအတွင်းရှိ မန့်စန့်နှင့် မန့်ကွမ့်ရွာအကြားတွင် နိုဝင်ဘာ ၂ ရက်နေ့က ကချင်လွတ်မြောက်ရေးတပ်မတော် KIA နှင့် အစိုးရတပ်များအကြား တိုက်ပွဲဖြစ်ပွားခဲ့ရာ အစိုးရတပ်ဘက်မှ ၃ ဦးကျဆုံးခဲ့ကြောင်း ဒေသခံများကပြောသည်။ (S.H.A.N 031111) Read More...
- တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် DKBA နှင့် အစိုးရကိုယ်စားလှယ်တို့အကြား နိုဝင်ဘာလ (၃) ရက်နေ့က ဖားအံမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ရာ အပစ်အခတ်ရပ်စဲရေးကို သဘောတူလိုက်ပြီး ၎င်းတို့၏ တပ်များအတွက်တပ်တည်နေရာများ ကိုလည်း သတ်မှတ်နိုင်ခဲ့ကြောင်းနှင့် မကြာခင် အသေးစိတ်အချက်အလက်များ ကြေညာရန်ရှိသည်ဟု DKBA စစ်ဦးစီးချုပ် ဗိုလ်ချုပ်စောလားဘွယ် (ဗိုလ်နတ်ခမ်းမွေး) က ပြောသည်။ (Irrawaddy 041111) Read More..., Mizzima...
- မြစ်ကြီးနား-မန်မော်(ဗန်းမော်)လမ်း ဂါးရာယန်ကျေးရွာ (Ga Ra Yang) တွင် နိုဝင်ဘာ ၂ ရက်နေ့က ကချင်လွတ်မြောက်ရေး တပ်မတော် KIA နှင့်ကြံ့ဖွံ့အစိုးရတပ် ဗိုင်းမော်အခြေစိုက် ခလရ (၅၈)၊ နမ္မတီးအခြေစိုက် ခမရ (၃၉၀) နှင့် အခြားတပ်ရင်း များအကြား တိုက်ပွဲနှစ်ကြိမ်ဖြစ်ပွားခဲ့ရာ အစိုးရတပ်ဘက်မှ အနည်းဆုံး ၁၆ ဦးကျဆုံးခဲ့ကြောင်း ဒေသခံများပြောသည်။ (KNG 041111) Read More...
- အစိုးရနှင့်အပစ်အခတ်ရပ်စဲရေးဆွေးနွေးရန်ဖိတ်ခေါ်ချက်အား SSA/ RCSS တပ်ဖွဲ့ဝင်များအပါအဝင် ရှမ်းပြည်ပြည်သူလူထု တစ်ရပ်လုံးကလက်ခံသည့်အတွက် မကြာမီနှစ်ဖက်တွေ့ဆုံမှုများ ပြုလုပ်ရန်ရှိပြီး အချက်(၂)ချက်ကိုတောင်းဆိုသွားမည်ဟု SSA တပ်ဖွဲ့ ဒုတိယပြောရေးဆိုခွင့်ရှိသူ စိုင်းဆိုင်မိန်းက ပြောသည်။ (NMG 041111) Read More...
- ဗိုလ်မှူးချုပ်စောလားဘွယ်ဦးဆောင်သည့် တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် DKBA က ကြံ့ဖွံ့အစိုးရ ကိုယ်စားလှယ်များနှင့်ပြုလုပ်လဲ့သည့် အပစ်အခတ်ရပ်စဲရေးမူဝါဒများနှင့်ပတ်သက်၍ ကရင်လူထုဆန္ဒသဘောထားများသိရှိရန် အတွက် မြဝတီမြို့နယ် သေဘောဘိုးကျေးရွာအုပ်စု ပါမီထကျေးရွာတွင် ရှင်းလင်းပွဲတရပ် ကျင်းပခဲ့သည်ဟု တက်ရောက်ခဲ့သူ တောင်နီရွာသူကြီး တစ်ဦးက ပြောသည်။ (BBC 051111) Read More...

အတိုက်အခံအင်အားစုများ (ပြည်ပ)

- သမ္မတ ဦးသိန်းစိန်အနေဖြင့် မြန်မာနိုင်ငံအား၂၀၁၄ အာဆီယံ ဥက္ကဋ္ဌ ရာထူးမယူမီ နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ရေး၊ တိုင်းရင်းသားဒေသ အပစ်ရပ်စဲရေး၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ရပ်ဆိုင်းရေးတို့ကို မဖြစ်မနေအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ထိုင်းအခြေစိုက် ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု (NDD) ဥက္ကဋ္ဌ ဒေါ်ခင်ဥမ္မာက ပြောကြားလိုက်သည်။ (Irrawaddy 011111) Read More...
- မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးများအပေါ် ခွဲခြားဖိနှိပ်မှုများနှင့်အကျင့်ပျက်လာဘ်စားမှုများသည် လက်နက်ကိုင် ပဋိပက္ခများကိုမီးမွှေးပေးသည့်အကြောင်းအရင်းများဖြစ်သည်ဟု တိုင်းရင်းသားလူမျိုးများကောင်စီ ENC မှ အတွင်းရေးမှူးချုပ် ဒေါက်တာ ရွှေခါးက ၄င်းတို့ကောင်စီမှ ထုတ်ပြန်သည့်စာတမ်းနှင့်အတူ ပြောဆိုလိုက်သည်။ (BBC 021111) Read More...
- သမ္မတ ဦးသိန်းစိန်၏ အစိုးရသစ်အဖွဲ့သည် အမွှာပူးနည်းလမ်း ၂ သွယ် (twin process) ဖြင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးများအား သုတ်သင်ရှင်းလင်းနေသည်ဟု တိုင်းရင်းသားလူမျိုးများကောင်စီ ENC ဒု-ဥက္ကဋ္ဌ ဆလိုင်းလျံမှန်းက ပြောကြားလိုက်သည်။ (S.H.A.N 031111) Read More...

နိုင်ငံတကာ

(က) ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရအဖွဲ့အစည်းများ

- မြန်မာအစိုးရသည် ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ ဖြစ်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများရှိနေပြီး မြန်မာနိုင်ငံမှာ လည်းပြောင်းလဲမှုအချို့မြင်တွေ့ခဲ့ရကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက အောက်တိုဘာ ၂၉ ရက်နေ့ သတင်းစာ ရှင်းလင်းပွဲတွင် ပြောဆိုလိုက်သည်။ (RFA 301011) Read More...
- ကုလသမဂ္ဂ UN အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် ဗီဂျေးနမ်ဘီးယားသည် အောက်တိုဘာ ၃၁ ရက်နေ့တွင် ၅ ရက်ကြာခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ရောက်ရှိလာကာ နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အလုပ်သမားဝန်ကြီးတို့နှင့်ဦးစွာတွေ့ဆုံခဲ့သည်ဟု ရန်ကုန် UN ရုံးမှ ပြန်ကြားရေးအရာရှိကပြောသည်။ (BBC 311011) Read More...
- ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းသည် မကြာခင် မြန်မာနိုင်ငံကို လာရောက်ရန်ရှိသည်ကြောင်း နေပြည်တော်ကိုရောက်ရှိနေသည့် မစ္စတာဘန်ကီမွန်း၏ အထူးကိုယ်စားလှယ် မစ္စတာဗီဂျေးနမ်ဘီယား (V. J. Nambiar) က အမျိုးသားလွှတ်တော်အမတ်များနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်ဟု အမျိုးသားလွှတ်တော်အမတ်ဦးစိုင်းကျော်ဇောသန်းကပြောသည်။ (VOA 011111) Read More...
- မြန်မာနိုင်ငံအကျဉ်းထောင်အသီးသီးတွင် ကျန်ရှိနေသေးသည့် နိုင်ငံရေးအကျဉ်းသားစာရင်း အတိအကျကောက်ယူရေးအတွက် ICRC နိုင်ငံတကာကြက်ခြေနီအဖွဲ့ကို ဝင်ရောက်ဆောင်ရွက်ခွင့်ပေးရန် မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ် မစ္စတာကင်တားနားက နိုဝင်ဘာ ၁ ရက်နေ့တွင် မြန်မာအစိုးရကို တောင်းဆိုလိုက်သည်။ (RFA 011111) Read More...
- မြန်မာနိုင်ငံကို ငါးရက်ကြာ ရောက်ရှိနေသည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ နမ်ဘီယာသည် နိုဝင်ဘာ ၁ ရက်နေ့တွင် နေပြည်တော် မြန်မာကွန်ဗင်ရှင်းစင်တာ၌ ကျင်းပသည့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ နီးနှောဖလှယ်ပွဲကို တက်ရောက်ခဲ့သည်ဟု သမ္မတအကြံပေး ဦးကိုကိုလှိုင်က ပြောသည်။ (RFA 011111) Read More ...
- မြန်မာနိုင်ငံသည် အာဆီယံနိုင်ငံများထဲတွင် ပိုမိုတက်ကြွသည့်အခန်းကဏ္ဍတွင်ပါဝင်သင့်သည်ဟု ရန်ကုန်မြို့ကိုရောက်နေသည့် မလေးရှားဝန်ကြီးချုပ်ဟောင်း ဒေါက်တာမဟာသီယာမိုဟာမက ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပသည့်စီးပွားရေးဆွေးနွေးပွဲတွင်ပြောကြားလိုက်သည်။ (RFA 021111) Read More ...
- မြန်မာနိုင်ငံတွင် အစိုးရ၏ပြုပြင်ပြောင်းလဲမှုများ၌ အားရစရာအပိုင်းများရှိသော်လည်း တိုင်းရင်းသားအရေးကိစ္စများတွင် ပြုပြင်ပြောင်းလဲတိုးတက်ရန်လိုအပ်နေဆဲဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် ဗီဂျေးနမ်ဘီးယားက နိုဝင်ဘာ ၄ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (RFA 041111) Read More..., Irrawaddy...

(ခ) အစိုးရ

- မြန်မာနိုင်ငံမှ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများသည် နောက်ကြောင်းပြန်မလှည့်နိုင်သည့်အပြောင်းအလဲများဖြစ်ဟန်ရှိကြောင်း (၃) ရက်ကြာ မြန်မာနိုင်ငံခရီးစဉ်အပြီး အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးက အောက်တိုဘာ ၃၀ ရက်နေ့တွင် ပြောဆိုလိုက်သည်။ (RFA 311011) Read More...
- မြန်မာနိုင်ငံကို ရောက်ရှိနေသည့် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့်အလုပ်သမားရေးရာ အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Michael Posner က နိုင်ငံရေးပါတီ ၇ ခုနှင့် နိုဝင်ဘာ ၁ ရက်နေ့တွင် တွေ့ဆုံပြီး လက်ရှိဆောင်ရွက်နေသည့်အစိုးရ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့်ပတ်သက်၍ ၄င်းတို့၏သဘောထားကို မေးမြန်းဆွေးနွေးခဲ့သည်ဟု ပြည်ထောင်စုဒီမိုကရေစီပါတီ UDP ဥက္ကဌ ဦးသိန်းတင်အောင်က ပြောသည်။ (RFA 011111) Read More...
- မြန်မာနိုင်ငံတွင် ရောက်ရှိနေသော အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Michael Posner သည် ဒဂုံမြို့သစ်တောင်ပိုင်းရှိ မဖြိုးဖြိုးသင်း၏ HIV လူနာ စောင့်ရှောက်ရေးဂေဟာသို့ နိုဝင်ဘာ (၁) ရက်နေ့တွင် သွားရောက်လေ့လာခဲ့ကြောင်း ဂေဟာကို ဦးစီးဆောင်ရွက်နေသူ မဖြိုးဖြိုးသင်းက ပြောသည်။ (Irrawaddy 021111) Read More...
- မြန်မာနိုင်ငံကို သွားရောက်ခဲ့သော အမေရိကန်ထိပ်တန်းသံအရာရှိ နှစ်ဦးဖြစ်သည့် Michael Posner နှင့် Derek Mitchell တို့၏ ခရီးစဉ်အပြီးတွင် မြန်မာနိုင်ငံကိုအကူအညီများပိုမိုတိုးမြှင့်ပေးသွားရန်ကတိပြုပြောကြားခဲ့သည်။ (RFA 041111)
- မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားအားလုံး မလွှတ်ပေးသေးခြင်းသည် ဒီမိုကရေစီစနစ်ပေါ်ထွန်းလာရန်တွက် အတားအဆီးများဖြစ်နေသေးသကဲ့သို့ နိုင်ငံရေးအကျဉ်းသားအားလုံးအမြန်လွှတ်ပေးရေးအတွက် မြန်မာအစိုးရကို မည်သို့ဆက်လက် ဖိအားပေးဆောင်ရွက်သွားမည်ကို သုံးသပ်စဉ်းစားသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရောက်အမေရိကန် အဆင့်မြင့်သံတမန်များကပြောဆိုလိုက်သည်။ (VOA 041111) Read More..., RFA...
- အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီးနှင့်မြန်မာနိုင်ငံဆိုင်ရာအမေရိကန်အထူးကိုယ်စားလှယ်တို့က နိုဝင်ဘာ ၄ ရက်နေ့ နံနက်ပိုင်းတွင် နိုင်ငံရေးအကျဉ်းသားဟောင်းများ၊ နိုင်ငံရေးလှုပ်ရှားသူများနှင့်တွေ့ဆုံဆွေးနွေးခဲ့ပြီး လက်ရှိမြန်မာ့နိုင်ငံရေးအခြေအနေများကိုမေးမြန်းခဲ့သည်။ (RFA 041111) Read More..., DVB...

(ဂ) အစိုးရမဟုတ်သောအဖွဲ့အစည်းများ

- အင်းစိန်ထောင်တွင် အစာငတ်ခံဆန္ဒပြကြနေသည့်နိုင်ငံရေးအကျဉ်းသားများကို သောက်ရေဖြတ်တောက်လိုက်ခြင်းနှင့်ပတ်သက်၍ ဆန္ဒပြသူများ၏ အသက်အန္တရာယ်အတွက် စိုးရိမ်ရကြောင်းနှင့်ယင်းကိစ္စအတွက်အကျဉ်းထောင်အာဏာပိုင်များတွင် တာဝန်ရှိကြောင်း နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က နိုဝင်ဘာ ၄ ရက်နေ့တွင် ကြေညာချက် တစ်စောင်ထုတ်ပြန်လိုက်သည်။ (RFA 041111) Read More...

---

***End of report/ Saturday, November 05, 2011***
**ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ မှတ်တမ်းတင်နှင့်သုတေသနဌာနမှ ထုတ်ဝေဖြန့်ချိသည်။**
***Documentation and Research Department (NDD)***

---